# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နေ့
# (Karen National Liberation Army Day)
## ဇူလိုင် (၅) ရက်

တပ်မတော်မရှိလျှင် တိုင်းပြည်လည်း မရှိနိုင်ဟူ၍ လည်းကောင်း တပ်မတော်သည်လူမျိုးတစ်မျိုး၏ ရင်သွေး၊ လူမျိုးတစ်မျိုး၏ လက်ရုံးဟူ၍ လည်းကောင်း အဆိုရှိရာ လူမျိုးတိုင်း၊ တိုင်းပြည်တိုင်းသည် မိမိ၏ တပ်မတော်ကို ချစ်မြတ်နိုးပြီး လေးစားကြသည့်နည်းတူ မိမိတို့၏တပ်မတော်နေ့ကိုလည်း အမြတ်တနိုးထား၍ ဂုဏ်ပြုကြသည်။ ကျွန်ုပ်တို့ကရင်အမျိုးသား တစ်ရပ်လုံးသည် မိမိ၏ အမျိုးသားတပ်မတော်ကို အထူး ချစ်မြတ်နိုး၍လေးစားဂုဏ်ပြုရန်လိုသည် ။အဘယ်ကြောင့်ဆိုသော် KNLA ကရင်အမျိုး သားလွတ်မြောက်ရေး တပ်မ တော်သည်-

**(၁) ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော ကရင်ပြည်ကို လက်တွေ့အကောင်အထည် ဖော်သူများဖြစ်ခြင်း၊**

**(၂) ကရင်အမျိုးသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်သူများ ဖြစ်ခြင်း၊**

**(၃) မိမိကိုယ်ကာယကို ရင်မြေကတုတ်လုပ်ပြီး အသက်ကိုပေးလှူသူများ ဖြစ်ခြင်းကြောင့်**

ဖြစ်သည်။

ကရင့်လက်နက်ကိုင်တော်လှန်ရေးအတွက် KNLA ကို ကရင့်အခြေခံ လက်နက်ကိုင်တပ်မတော်အဖြစ် ဦးစွာဖွဲ့စည်းခဲ့သည်။ KNLA ကို ဖွဲ့စည်းသည်နှင့်တချိန်တည်း အုပ်စိုးသူ ဖဆပလ အစိုးရလက်အောက်တွင် အမှုထမ်း ကြသော လက်နက်ကိုင်တပ်များ (ကြည်းတပ်၊ လေတပ်၊ ရေတပ်) အားလုံးကိုလည်း ကြိုးစားဆက်သွယ် စည်းရုံး ခဲ့သည်။




Karen National Liberation Army Flag

ထိုသို့ဆက်သွယ်စည်းရုံးသည့် Karen Rifle, UMP, Police, Armed Forces, Signal အမြောက်တပ်၊ ရေတပ် အချို့သည် ကရင်လက်နက်ကိုင်တပ်သို့ ပါဝင်လာကြသည်။ ဤကဲ့သို့ တပ်အမျိုးမျိုး ပါဝင်လာကြသဖြင့် စည်းကမ်း ရှိရှိနှင့် ချုပ်ကိုင်နိုင်စေရန် ကော်သူးလေအစိုးရ (The Government of Kawthoolei) ဖွဲ့စည်းသည့် အချိန်တွင် ကရင်လက်နက်ကိုင် တော်လှန်ရေး၌ ပါဝင်ကြသော လက်နက်ကိုင်တော်လှန်ရေး အားလုံးကို (KAF- Kawthoolei Armed Forces) ကော်သူးလေ လက်နက်ကိုင်တပ် ပေါင်းစု အဖြစ် ဖွဲ့စည်းပြီး ခရိုင်တစ်ခရိုင်တွင် တပ်မဟာတစ်ခုအဖြစ် ဖွဲ့စည်းရာ အရှေ့တွင် တပ်မ (၁) ခု၊ တပ်မဟာ (၆) ခု နှင့် မြစ်ဝကျွန်းပေါ်တွင် တပ်မ (၁) ခု၊ တပ်မဟာ (၆) ခု ဖွဲ့စည်းခဲ့သည်။




၁၉၅၂ ခုနှစ်တွင် အရှေ့၌ တပ်မ (၂) ခု၊ မြစ်ဝကျွန်းပေါ်တွင် တပ်မ (၂) ခုဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ KAF ဖွဲ့စည်းပုံမှာ အင်္ဂလိပ်တပ် ဖွဲ့စည်းပုံပေါ်တွင် အခြေခံသဖြင့် တော်လှန်ရေးနှင့် မကိုက်ညီသည်များလည်းရှိ၍ တော်လှန်ရေးကျသော တပ်မတော်တစ်ရပ်ကို ဖွဲ့စည်းရန် အခြေအနေက တောင်းဆိုသည့်အတိုင်း ၁၉၅၆ ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် အမျိုးသားညီလာခံက ကရင့်တော်လှန်ရေး၊ စစ်ရေးလမ်းစဉ်နှင့်အတူ ကရင်လက်နက်ကိုင် တပ်မတော် တည်ဆောက်ပုံ၊ တပ်မတော်ဖွဲ့စည်းပုံများကို ရေးဆွဲချမှတ်၍ ၁၉၅၆ ခုနှစ် ဇူလိုင်လ (၅)ရက်နေ့တွင်ယင်း ကရင့်တော်လှန်ရေး၊ စစ်ရေးလမ်းစဉ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ယခင် KPLA ယခု KNLA ဖွဲ့စည်းပုံကို အတည်ပြုသဖြင့် ထိုဇူလိုင်လ (၅) ရက်နေ့ကို ကော်သူးလေ တပ်မတော်နေ့ (Karen National Liberation Army Day) ဟု ကွန်ကရက်က ဆုံးဖြတ်လေသည်။

ယင်း KPLA ယခုKNLA ၏အဓိက ခြားနားချက်မှာ ယခုတော်လှန်ရေးတပ်မတော်သည် တပ်မတော်၏ တာဝန် ကြီး (၃) ရပ်ကို ချမှတ်ပေးခြင်း နှင့် တပ်မတော်၏ အင်္ဂါ လက္ခဏာရပ် (၆)ရပ်ဖြစ်သည့် -

**(၁) KNU ၏ခေါင်းဆောင်မှုကို လက်ခံခြင်း၊**

**(၂) ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်ပြီး ပြည်သူလူထု ကို အလုပ်အကျွေးပြုသည့်တပ်မတော်**

**(၃) ကိုယ့်အားကိုယ်ကိုး ကိုယ့်ထူးကိုယ်ချွန် တပ်မတော်**

**(၄) စည်းကမ်းရှိသည့်တပ်မတော်**

**(၅) ဒီမိုကရေစီ ဗဟိုကြိုးကိုင်မှုရှိသော တပ်မတော်**

**(၆) မျိုးချစ်ပြည်ချစ်တပ်မတော်**

တာဝန်ကြီး(၃)ရပ်ကို ထမ်းဆောင်ပြီး အထက်၌ ဖော်ပြသည့် အင်္ဂါလက္ခဏာရပ် (၆)ရပ်နှင့် ပြည့်စုံရန် ဖွဲ့စည်း တည်ဆောက်၍ ကရင်ပြည် ရယူရန်ဖြစ်သည့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်ဖြစ်သည်။



2019/31/01: 70th Years Anniversary of Karen Revolution Day, Klo Yaw Lay, Bridge 7, Kawthoolei

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၏ တာဝန်ကြီး (၃)ရပ်

(၁) ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက် ဖြစ်သော ကရင်ပြည်ကို လက်တွေ့အကောင် အထည် ဖော်ရမည်။

(၂) ကရင်အမျိုးသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရမည်။

(၃) မိမိကိုယ်ကာယကို ရင်မြေကတုတ်လုပ်ပြီး အသက်ကို ပေးလှူရမည်။



1991/12/01: Karen National Liberation Army (KNLA) soldiers on early morning parade in their Mar Ner Plaw stronghold

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၏ အင်္ဂါလက္ခဏာရပ် (၆) ရပ်

(၁) KNU ၏ခေါင်းဆောင်မှုကို လက်ခံခြင်း။

(၂) ပြည်သူလူထုနှင့် တစ်သားတည်း ဖြစ်ပြီး ပြည်သူ လူထုကို အလုပ်အကျွေးပြုသည့် တပ်မတော်။

(၃) ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်ထူး ကိုယ်ချွန် တပ်မတော်။

(၄) စည်းကမ်းရှိသည့် တပ်မတော်။

(၅) ဒီမိုကရေစီ ဗဟိုကြိုးကိုင်မှု ရှိသော တပ် မတော်။

(၆) မျိုးချစ်၊ ပြည်ချစ်တပ်မတော်။



1984/26/03: Karen rebels form-up before probing Burmese Army positions